# ဖမ်းဆီးခြင်းအဆင့်မှအယူခံခြင်းအဆင့်သို့



## 1 ဖမ်းချုပ်ခြင်း


သင်သည် ပြစ်မှုတစ်ခုကျူးလွန်းကြောင်း ခိုင်လုံသော အကြောင်းပြချက်ရှိပါက (သို့) ထိုသို့ယူဆပါက သင့်ကို ဖမ်းဆီးနိုင်သည်။ သင့်ကို ဖမ်းဆီးပြီး ရဲစခန်း သို့ ခေါ်သွားပါလိမ့်မည်။ အကယ်၍ အာမခံဖြင့် လွတ်နိုင်သော အမှုဖြစ်ပါက ရဲများက အာမခံယူ၍ ရဲစခန်း မှ အလျင်အမြန် လွတ်ပေးနိုင်သည်။



## 2 ရုံးထုတ်ခြင်း

ရုံးထုတ်ခြင်း။ သင့်ကို ဖမ်းဆီးပြီး ၂၄နာရီအတွင်း ရဲများက တရားရုံးရှိ တရားသူကြီးရှေ့မှောက်သို့ ရုံးထုတ်ရမည်။ ရဲများ လည်း သူတို့၏စစ်ဆေး တွေ့ရှိချက်များကို တင်ပြပါမည်။ ဆက်လက်စစ်ဆေးနေစဉ်အတွင်း အသင့်အား အချုပ်ခန်းတွင် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အချိန်ပို တောင်းဆိုနိုင်သည်။ တရားသူကြီးက သက်သေအထောက်အထားများကို စေ့စေ့စပ်စပ်စစ်ဆေးပြီးနောက် အသင့်အား ရဲစခန်း(အချုပ်ခန်း) (သို့) အကျဉ်းထောင်သို့ ပြန်ပို့နိုင်သည် (သို့) အာမခံပေးနိုင်သည် (သို့) တရားသေလွတ်နိုင်ပြီး လွတ်ပေးရန်လည်း အမိန့်ချနိုင်သည်။

အချုပ်ခန်း



အကျဉ်းထောင်



အာမခံပေးခြင်း (သို့) လွတ်ပေးခြင်း





## 3 ဆွဲချက်

ဆွဲချက်။ ဆွဲချက်ဆိုသည်မှာ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော အသင့်အတွက် တရားဝင်ဆင့်ခေါ်စာဖြစ်သည်။ ရဲများကို စွဲချက်ကို စုံစမ်းစစ်ဆေးပြီးနောက် တရားရုံးသို့ တင်သွင်းလိမ့်မည်။ ၎င်းဆွဲချက်ကို တရားရုံးမှ သေချာစွာ ဖတ်ရှုပြီးနောက် ဆွဲချက်သတ်မှတ်ပေးမည်ဖြစ်ပြီး ၎င်းကို တရားရုံးတွင် သင်၏ရှေ့မှောက်တွင် ဖတ်ပြပါလိမ့်မည်။ ထိုဆွဲချက်ရှိ စွပ်စွဲချက်များကို သင်ကျူးလွန်ထားခြင်းရှိ/မရှိ ဆုံးဖြတ်ရန်လိုအပ်ပြီး မည်သည့်အမှုတွင် အပြစ်ရှိခြင်း/မရှိခြင်းအတွက် သင်တုချေလွှာတင်၍ အမှုလိုက်သွားမည်ကိုလည်း သင် ဆုံးဖြတ်ရန် လိုအပ်သည်။

ပြစ်မှုထင်ရှားခြင်း

## 4 အမှုစစ်ခြင်း

အမှုစစ်ခြင်း။ အသင့်တွင် အပြစ်မရှိဟုယူဆသောကြောင့် တုချေလွှာတင်လျှင် အမှုပြန်စစ်ဆေးရန် ရက်ချိန်းပေးလိမ့်မည်။ အမှုစစ်ဆေးခြင်းဟု ဆိုရာတွင် အောက်ပါအချက်များပါဝင်သည်-

၁။ ပြစ်မှုဆိုင်တရားစီရင်ရေးဥပဒေပုဒ်မ-၃၁၃အရ၊ တရားစွဲသူ၏ထွက်ဆိုချက်
၂။ နှုတ်ထွက်ဆိုချက်နှင့် စာရွက်စာတမ်းသက်သေအထောက်အထားများ
၃။ တရာလိုရှေ့နေနှင့်တရားခံရှေ့နေတို့၏ လျှောက်လဲချက်များ
၄။ တရားရုံးမှ တရားစီရင်ချက်ချမှတ်ခြင်း။

## 5 ပြစ်ဒဏ်စီရင်ခြင်း (သို့) တရားသေလွတ်ခြင်း

အမှုစစ်ဆေးခြင်းပြီးမြောက်သောအခါ အသင့်တွင် အပြစ်မရှိကြောင်း တရားရုံးက တွေ့ရှိပါက အသင့်အား တရားသေလွတ်လိမ့်မည်( အချုပ်စခန်းနှင့်အကျဉ်းထောင် မှ လွတ်ပေးမည်။) သို့မဟုတ် အသင့်ကို ပြစ်ဒဏ်ချမှတ်ပြီး ထောင်ချနိုင်သည်။



## 6 အယူခံခြင်း

အယူခံခြင်း။ တရာသေလွတ်ခြင်း၊ပြစ်ဒဏ်စီရင်ခြင်းနှင့်ထောင်ဒဏ်ချမှတ်ခြင်းစသည့် တရားရုံး၏ဆုံးဖြတ်ချက်ကို တရားလို/တရားခံတစ်ဦးဦးဖက် မှ နစ်နာသည်ဟု ယူဆ၍ ကျေနပ်မှုမရှိပါက သတ်မှတ်ထားသော အချိန်အတောအတွင်း အယူခံဝင်နိုင်သည်။ အသင့်အား ထောင်ဒဏ်ချမှတ်ခြင်း မှ ဆိုင်းငံ့ထားနိုင်ပြီး အယူခံခြင်းနှင့်သက်ဆိုင်သော ကြားနာပွဲများကို တရားရုံးက ဆောင်ရွက်သွားပါမည်။

ထောင်ဒဏ်ချမှတ်ခြင်းမှ ဆိုင်းငံ့ထားခြင်း

**COMMONWEALTH HUMAN RIGHTS INITIATIVE**
55 A, Third Floor, Siddhartha Chambers-1, Kalu Sarai,
New Delhi - 110016 **Tel:** 91-11-43180200 **Fax:** 91-11-43180217
**E-mail:** info@humanrightsinitiative.org
**Website:** www.humanrightsinitiative.org